# Pass Sale Outlet Instructions

<u>စီတီးလင့်ခ်ဘတ်စ်ကားလိုင်း လက်မှတ်အရောင်းဆိုင်ခွဲများသို့ညွှန်ကြားချက်</u>

စီတီးလင့်ရဲ့ တနေ့စာ ကားစီးခွင့်လက်မှတ်တွေ၊ ၃၁ ရက်စာ ကားစီးခွင့်လက်မှတ်တွေနဲ့ ၁၀-ကြိမ်စာစီးခွင့်ကဒ်ပြားတွေနဲ့ပတ်သက်လို့ လက်လီအရောင်းဈေးနှုန်းတွေကို လက်ဆင့်ကမ်းဖြန့်ဝေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဇူလိုင်လ ၇ ရက်နေ့မှာ စီတီးလင့်ခ် ဘတ်စ်ကားစီးခတွေပြောင်းတော့မယ်ဆိုတာကိုတော့ အားလုံးသတိပြုစေချင်ပါတယ်။ အရင်က ပို့ထားပြီးသား ညွှန်ကြားချက်တွေနဲ့ အခုအသစ်ပြင်လိုက်တဲ့ ကားစီးခတွေအကြောင်း အကျဉ်းချုပ်ပြင်ဆင်ချက်ကို အစားထိုးပေးရမှာဖြစ်ပါတယ်။ အရင်ကားခနှုန်းထားအဟောင်းတွေအားလုံးဟာ အခုအသစ်ပြင်မယ့် ကားခနှုန်းထားအသစ်တွေနဲ့ ပြောင်းလဲပြီးမယ့်အချိန်အထိဘဲ သုံးလို့ရတော့မှာ ဖြစ်ပါတယ်။

အောက်ပါ ညွှန်ကြားချက်တွေဟာ သင်တို့ အလုပ်လုပ်ရမှာ အဆင်ပြေမယ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

တကယ်လို့ ကားစီးခွင့်လက်မှတ်တွေနဲ့ပတ်သက်လို့ မေးချင်မြန်းချင်တာရှိရင် စီတီးလင့်ခ် ဖုန်းနံပတ် ၄၃၂-၄၇၉၉ ကို ခေါ်ပြီး ငွေစာရင်းဌာနက ဒီး ဘလက်ဘန်း **(Dee Blackburn)** ကို မေးလို့ရပါတယ်။

ဝယ်သူတွေကိုဝန်ဆောင်မှုပေးတဲ့ဌာနက ဆိုင်အတွင်းထင်သာမြင်သာရှိမယ့်နေရာမှာ **<u>"Citilink Passes Sold Here"</u>** ဆိုတဲ့ ဒီဆိုင်းဘုတ်ကိုချိတ်ပေးပါ။ တကယ်လို့ ဆိုင်းဘုတ်လေး ပျက်သွားရင်၊ ပျောက်သွားရင် စီးတီးလင့်ခ်ကိုအသိပေးပါ။ နောက်ထပ်ဆိုင်းဘုတ်တခု အစားထိုးပေးပါ့မယ်။ စီးတီးလင့်ခ်ဘတ်စ်ကားစီးသူတွေအတွက် ဒီလက်မှတ်နှုန်းတွေအကြောင်းကို သိအောင်လုပ်ပေးတာဟာ သူတို့တွေအတွက် အကျိုးရှိရာရှိကြောင်းဖြစ်တယ်ဆိုတာ သူတို့သိဖို့ သိပ်အရေးကြီးပါတယ်။

တကယ်လို့ သင်တို့ဘဲဖြစ်ဖြစ် သင်တို့ထံကဝယ်ယူသူတွေဘဲဖြစ်ဖြစ် ဘတ်စ်ကားဆွဲတဲ့လမ်းကြောင်းတွေနဲ့ပတ်သက်လို့ မေးစရာရှိရင် စီးတီးလင့်ခ်က ဖေါက်သည်တွေကိုဝန်ဆောင်မှုပေးတဲ့ဌာနရဲ့ ဖုန်းနံပတ် ၄၃၂-၄၅၄၆ ကို ဒါမှမဟုတ်ရင်လည်း စီးတီးလင့်ခ် ဝက်ဆိုက် <u>www.fwcitilink.com</u> တက်ကြည့်လို့ရပါတယ်။ အွန်လိုင်းပေါ်မှာ ဘတ်စ်ကားတွေဆွဲတဲ့ လမ်းကြောင်းပြမြေပုံ၊ ဘတ်စ်ကားတွေ အဝင်အထွက်အချိန်ပြဇယားနဲ့ တခြားတန်ဖိုးရှိမယ့် အချက်အလက်တွေအားလုံး ရနိုင်တယ်ဆိုတာမမေ့ပါနဲ့။ ဒါ့အပြင် ဘတ်စ်ကားတွေပေါ်မှာ လူထုစာကြည့်တိုက်တွေမှာ၊ စီးတီးလင့်ခ်ရုံးမှာ လမ်းကြောင်းအချိန်ပြဇယားတွေလည်း ရနိုင်ပါတယ်။ စီးတီးလင့်ခ်အနေနဲ့ကတော့ လမ်းပြမြေပုံတွေနဲ့ အချိန်ဇယားတွေကို လက်ဝယ်ထားစေချင်သလို လက်မှတ်တွေထပ်ပြီးအမှာစာပို့တိုင်း အရင်ရှိထားတဲ့ လမ်းပြမြေပုံတွေ၊ ကားအဝင်အထွက်အချိန်ပြဇယားသစ်တွေကိုလည်း ထပ်ထပ်မှာကြဖို့ တိုက်တွန်းချင်ပါတယ်။

အောက်မှာ စီးတီးလင့်ခ်ကနေ ထုတ်ပေးတဲ့ ဘတ်စ်ကားစီးလက်မှတ်ပုံပြထားပါတယ်။

<u>တနေ့တာစီးခွင့်လက်မှတ်များ</u>

**ဇူလိုင်လ ၇ ရက်နေ့မှာစမယ့် စီးတီးလင့်ခ်ရဲ့ တနေ့စာစီးခွင့်လက်မှတ်**

တနေ့အတွက် တကြိမ်ဝယ်ပြီး တနေကုန်စီးလို့ရမယ်။ ဘတ်စ်ကားပေါ်က လက်မှတ်ရောင်းတဲ့ ပုံးကလေးတွေမှာ ဒီလက်မှတ်မျိုး ဝယ်လို့လည်း ရပါတယ်။ ဒါပေမယ့် ဝယ်မယ့်သူက လက်မှတ်ဝယ်ဖို့ ပိုက်ဆံကို လက်မှတ်ပုံးထဲမထည့်ခင်မှာ တနေ့စာကားစီးလက်မှတ် လိုချင်တဲ့အကြောင်း ကားဒရိုင်ဘာကို ကြိုပြောရပါမယ်။ ဒီလက်မှတ်မျိုးကို ကြိုတင်ဝယ်ထားမယ်ဆိုရင်တော့ ကားပေါ်ရောက်တာနဲ့ တန်းစီးလိုက်ရုံပဲပေါ့။ ခရီးတွင်တယ်လေ။ နောက်ပြီး ကားခကိုလည်း ကျသင့်တဲ့အတိုင်းပေးတာ ယူတာမှာ မလိုအပ်တာတွေကို ရှောင်နိုင်တာပေါ့။

ဒီလက်မှတ်တွေကို လက်မှတ်အရောင်းဆိုင်တွေမှာလည်း ဝယ်လို့ရပါတယ်။ သတိပြုမှာကတော့ သင်လက်မှတ်ရောင်းလိုက်သူဟာ သူလိုချင်တဲ့လက်မှတ်ရတာ ဟုတ်/မဟုတ်နဲ့ လက်မှတ်ကြေးတန်ရာတန်ဖိုးကို သူ့ဆီက တောင်းလိုက်မိရဲ့လားဆိုတာ သေချာအောင်လုပ်ပါ။ ဒီလက်မှတ်ဟာ ဝယ်ထားပြီးပေမယ့် တကြိမ်မှမသုံးရသေးဘူးဆိုရင် မသုံးမချင်း သက်တမ်းကုန်သွားတယ်လို့မရှိပါဘူး။ သဘောကတော့

ဒီလက်မှတ်ကြိုဝယ်ထားတဲ့သူကို ကားပေါ်ရောက်လို့ ကားလက်မှတ်ပုံးထဲကို သူ့လက်မှတ်ထိုးထည့်လိုက်တဲ့အခါကျမှ လက်မှတ်ပေါ်မှာ တရားဝင်သုံးလို့ရကြောင်းနဲ့ သက်တမ်းကုန်ချိန် အမှတ်တံဆိပ်ကို ရိုက်ပေးလိုက်မှာပါ။ ဒါဆိုရင် ဒီလက်မှတ်ဟာ အဲဒီနေ့တနေကုန်အတွက် (ည ၁၁ နာရီ ၅၉ မိနစ်အထိ) စီးပေတော့ဘဲ။ တရားဝင်ဖြစ်သွားပြီပေါ့။ ဒီလက်မှတ်နဲ့စီးခြင်းအားဖြင့် ပေးလိုက်ရတဲ့ ပိုက်ဆံနဲ့ပြန်ကျေအောင် တနေကုန်တနေခမ်း စီးချင်တဲ့အချိန် စီးချင်သလောက် စီးလို့ရသွားပြီ။ တနေကုန်စီးစာ လက်မှတ်ကို အောက်ပါအတိုင်း ၂ မျိုးခွဲထားပါတယ်။ ကြည့်ပါ။

<u>လူကြီးများတနေ့စာစီးခွင့်(ပုံမှန်)လက်မှတ်</u> ဒီလက်မှတ်ကတော့ လက်လီဈေး **US $ 3.00** ဖြစ်ပါတယ်။ ကားပေါ်ရောက်လို့ ပုံမှန်ကားခ **US $ 1.50** ပေးပြီးစီးရတဲ့ခရီးကို နေ့စဉ်မှန်မှန်သွားနေကြတဲ့ လူကြီးတွေသုံးဖို့ ထုတ်တာဖြစ်ပါတယ်။ လက်မှတ်ကို အသက်ဝင်အောင် **(Activate)** လုပ်ပေးလိုက်ချိန်ကစလို့ တနေကုန်စာ အကန့်အသတ်မရှိသုံးဖို့ဖြစ်သွားပါပြီ။ (စီးတီးလင့်ခ်အနေနဲ့ကတော့ ဒီလက်မှတ်မျိုး အနည်းဆုံး ၁၀ စောင်လောက် လက်ဝယ်ထားရောင်းတာမျိုး ဖြစ်စေချင်ပါတယ်။ တကယ်လို့ သင်တို့ရဲ့ လက်မှတ်အရောင်းပမာဏက ၁၀ စောင် အောက်ဆိုရင် စီးတီးလင့်ခ်ကို ဆက်သွယ်ပါ)

<u>တနေ့စာစီးခွင့် လျှော့ဈေးလက်မှတ်</u> ဒီလက်မှတ်ကတော့ လက်လီဈေး **US $ 1.05** ဖြစ်ပါတယ်။ ဒီလက်မှတ်ကိုတော့ အသက် ၆၀ နဲ့ ၆၀ အထက်နိုင်ငံသားလူကြီးတွေရယ်၊ ကိုယ်အင်္ဂါမသန်စွမ်းသူတွေရယ်၊ ကားတက်စီးလို့ လျှော့ဈေးခ **US $ .60** နဲ့ စီးခွင့်ရထားတဲ့ လူငယ်တွေရယ် သုံးဖို့ရည်ရွယ်ပြီး ထုတ်တာပါ။ သင်တို့အနေနဲ့ ဒီလက်မှတ်မျိုးကို ဘယ်သူ့ကိုမဆိုရောင်းလို့ရပါမယ်။ ဒါပေမယ့် ဒီလက်မှတ်သုံးပြီး စီးမယ်ဆိုရင်တော့ ဒီလက်မှတ်နဲ့စီးသူဟာ သူသတ်မှတ်ထားတဲ့ စံချိန်နဲ့ကိုက်ညီပြည့်မီမှသာ ဒီလက်မှတ်ကိုသုံးပြီး စီးလို့ရမှာဖြစ်ပါတယ်။ (စီးတီးလင့်ခ်အနေနဲ့ကတော့ ဒီလက်မှတ်မျိုး အနည်းဆုံး ၁၀ စောင်လောက် လက်ဝယ်ထားရောင်းတာမျိုး ဖြစ်စေချင်ပါတယ်။ တကယ်လို့ သင်တို့ရဲ့ လက်မှတ်အရောင်းပမာဏက ၁၀ စောင်အောက်ဆိုရင် စီးတီးလင့်ခ်ကို ဆက်သွယ်ပါ)

<u>လစဉ်(၃၁) ရက်စာစီးခွင့်လက်မှတ်</u> လစဉ် (၃၁) ရက်စာ စီးခွင့်လက်မှတ်တွေကိုတော့ ပုံစံ ၂ မျိုးနဲ့ထုတ်ပေးပါမယ်။ သတိပြုမှာကတော့ သင်လက်မှတ်ရောင်းလိုက်သူဟာ သူလိုချင်တဲ့လက်မှတ်ရတာ ဟုတ်/မဟုတ်နဲ့ လက်မှတ်ကြေးတန်ရာတန်ဖိုးကို သူ့ဆီက တောင်းလိုက်မိရဲ့လားဆိုတာ သေချာအောင်လုပ်ပါ။ ဒီလက်မှတ်ဟာ ဝယ်ထားပြီးပေမယ့် တကြိမ်မှမသုံးရသေးဘူးဆိုရင် မသုံးမချင်း သက်တမ်းကုန်သွားတယ်လို့မရှိပါဘူး။ သဘောကတော့ ဒီလက်မှတ်ကြိုဝယ်ထားတဲ့သူကို ကားပေါ်ရောက်လို့ ကားလက်မှတ်ပုံးထဲကို သူ့လက်မှတ်ထိုးထည့်လိုက်တဲ့အခါကျမှ လက်မှတ်ပေါ်မှာ တရားဝင်သုံးလို့ရကြောင်းနဲ့ သက်တမ်းကုန်ချိန် အမှတ်တံဆိပ်ကို ရိုက်ပေးလိုက်မှာပါ။ ဒါဆိုရင် ဒီလက်မှတ်ဟာ အဲဒီ ၃၁ ရက်စာ ကာလတလျှောက်လုံး စီးပေတော့ဘဲ။ တရားဝင်ဖြစ်သွားပြီပေါ့။ ဒီလက်မှတ်နဲ့စီးခြင်းအားဖြင့် ပေးလိုက်ရတဲ့ ပိုက်ဆံနဲ့ပြန်ကျေအောင် ၃၁ ရက်လုံးလုံး စီးချင်တဲ့အချိန် စီးချင်သလောက် စီးလို့ရသွားပြီ။ ၃၁ ရက်စီးစာ လက်မှတ်ကို အောက်ပါအတိုင်း ၂ မျိုးခွဲထားပါတယ်။ ကြည့်ပါ။

<u>လူကြီးများ ၃၁ ရက်စာစီးခွင့်(ပုံမှန်)လက်မှတ်</u> ဒီ ၃၁ ရက်စာစီးခွင့်ပုံမှန်လက်မှတ်ကတော့ လက်လီဈေး **US $ 45.00** ဖြစ်ပါတယ်။ စီးတီးလင့်ခ်အနေနဲ့ ဒီလက်မှတ်ခကို ထပ်မတိုးပါဘူး။ အရင်နှုန်းအတိုင်းဖြစ်လို့ စီးရတာ ပိုတောင်တန်ပါတယ်။ ကားပေါ်ရောက်လို့ ပုံမှန်ကားခ **US $ 1.20** ပေးပြီးစီးရတဲ့ခရီးကို နေ့စဉ်မှန်မှန်သွားနေကြတဲ့ လူကြီးတွေသုံးဖို့ ထုတ်တာဖြစ်ပါတယ်။ လက်မှတ်ကို အသက်ဝင်အောင် **(Activate)** လုပ်ပေးလိုက်ချိန်ကစလို့ အသက်ဝင်နေဆဲ ၃၁ ရက်စာလုံးလုံး အကန့်အသတ်မရှိသုံးဖို့ရာ ဖြစ်ပါတယ်။ (စီးတီးလင့်ခ်အနေနဲ့ကတော့ ဒီလက်မှတ်မျိုး အနည်းဆုံး ၁၀ စောင်လောက် လက်ဝယ်ထားရောင်းတာမျိုး ဖြစ်စေချင်ပါတယ်။ တကယ်လို့ သင်တို့ရဲ့ လက်မှတ်အရောင်းပမာဏက ၁၀ စောင်အောက်ဆိုရင် စီးတီးလင့်ခ်ကို ဆက်သွယ်ပါ)

<u>၃၁ ရက်စာစီးခွင့် လျှော့ဈေးလက်မှတ်</u> ဒီ ၃၁ ရက်စာလျှော့ဈေးလက်မှတ်ကတော့ လက်လီဈေး **US $ 22.00** ဖြစ်ပါတယ်။ စီးတီးလင့်ခ်အနေနဲ့ ဒီလက်မှတ်ခကို ထပ်မတိုးပါဘူး။ အရင်က နှုန်းအတိုင်းဖြစ်လို့ စီးရတာ ပိုတောင်တန်ပါတယ်။ ဒီလက်မှတ်ကိုတော့ အသက် ၆၀ နဲ့ ၆၀ အထက် နိုင်ငံသားလူကြီးတွေရယ်၊ ကိုယ်အင်္ဂါမသန်စွမ်းသူတွေရယ်၊ ကားတက်စီးလို့ လျှော့ဈေးခ **US $ .60** နဲ့ စီးခွင့်ရထားတဲ့ လူငယ်တွေရယ် စီးနိုင်ဖို့ရည်ရွယ်ပြီး ထုတ်တာပါ။ သင်တို့အနေနဲ့ ဒီလက်မှတ်မျိုးကို ဘယ်သူ့ကိုမဆိုရောင်းလို့ရပါမယ်။ ဒါပေမယ့် ဒီလက်မှတ်သုံးပြီး စီးမယ်ဆိုရင်တော့ ဒီလက်မှတ်နဲ့စီးသူဟာ သူသတ်မှတ်ထားတဲ့ စံချိန်နဲ့ကိုက်ညီပြည့်မီမှသာ ဒီလက်မှတ်ကိုသုံးပြီး စီးလို့ရမှာဖြစ်ပါတယ်။

<u>ကားခလျှော့ဈေးရ သက်သေခံကဒ်ပြား</u>

<u>စီးတီးလင့်ခ်ရဲ့ ကားခလျှော့ဈေးရသက်သေခံကဒ်ပြားကိုင်ဆောင်ထားသူတွေဟာ သူတို့ကဒ်ပြားကို ဒရိုင်ဘာကိုပြသပြီးဖြစ်မှသာ လျှော့ဈေးနဲ့ကားစီးခွင့်တွေရနိုင်ကြမှာဖြစ်ပါတယ်။</u> စီးတီးလင့်ခ်ရဲ့ ဓါတ်ပုံပါ သက်သေခံကဒ်ပြားတွေကိုတော့ ကဒ်တခုချင်းစီ အတွက် **US $ 2.00** ပေးပြီး စီးတီးလင့်ခ်ရုံးကနေ ရယူနိုင်ပါတယ်။ အဲဒါကလည်း ၂ နှစ်စာအတွက်ဖြစ်ပါတယ်။ လာလျှောက်ကြတဲ့အခါမှာ သက်ကြီးရွယ်အို နိုင်ငံသားတွေအနေနဲ့ အသက်အရွယ်ကို သက်သေပြနိုင်မယ့် သက်သေခံကဒ်ယူလာရပါမယ်။ ကိုယ်အင်္ဂါမသန်စွမ်းသူတွေကတော့ **SSDI** ကအသိအမှတ်ပြု အထောက်အထား ဒါမှမဟုတ် ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ကြောင်း လျှောက်လွှာအပြည့်အစုံ ကဒ်ပြားပါရပါမယ်။ လူငယ်တွေကျတော့ ဓါတ်ပုံပါတဲ့ကျောင်းသားကဒ်ယူလာရပါမယ်။

၁၀ ကြိမ်စီးခွင့်ကဒ်ပြား ဒီကဒ်ပြားကိုလည်း နှစ်မျိုးခွဲထားပါတယ်။ အဲဒါတွေကတော့ လျှော့ဈေး ၁၀ ကြိမ်စီးကဒ်နဲ့ လူငယ် ၁၀ ကြိမ်စီး ကဒ်တွေပါ။ စီးတီးလင့်က ၁၀ ကြိမ်စီး ပုံမှန်ကားခပေးကဒ်ပြားကို ဆက်ပြီးအသုံးမပြုတော့ပါဘူး။ ကားစီးမယ့်သူတွေအနေနဲ့ ဘတ်စ်ကား ပေါ်မှာ အစုံသုံးလဲလှယ်ကဒ်တွေ (**Multi-use Change Card**) ဝယ်ကောင်းဝယ်ရတော့မှာ ဖြစ်ပါတယ်။ ခရီးသည်တွေအနေနဲ့ ကားဒရိုင်ဘာကို ကဒ်ဖိုးထက်ပိုတဲ့ငွေကို စက်ထဲထည့်တော့မှာ ဖြစ်ကြောင်းပြောပြပြီး အလဲအလှယ်သုံးကဒ် (**Multi-use Change Card**) လဲပေးဖို့ပြောရပါမယ်။ ပုံမှန်ကားခပေးပြီးစီးနေသူ တစ်ယောက်က **US $ 5.00** ငွေစက္ကူကို ကားပေါ်က လက်မှတ်ဖြတ်တဲ့ စက်ထဲကို ထည့်လိုက်တဲ့အခါမှာ **US $ 3.075** တန် အစုံသုံးလဲလှယ်ကဒ်ပြားတပြား ပြန်ထွက်လာပါမယ်။ **US $ 10.00** ဒေါ်လာတန်ကို ထည့်လိုက်ရင် **US $ 8.75** တန် အစုံသုံးလဲလှယ်ကဒ်ပြားတပြား ပြန်ထွက်လာပါမယ်။ ဒီပြန်ထွက်လာတဲ့ ကဒ်ပြားကိုလည်း နောက်စီးမယ့်ခရီးတွေမှာ သုံးလို့ ရမှာဖြစ်ပြီး သက်တမ်းကုန်ရက်ရယ်လို့ သတ်မှတ်ထားတာမရှိပါဘူး။

၁၀ ကြိမ်စီးလျှော့ဈေးကဒ်ပြား ဒီကဒ်ပြားပေါ်မှာ ၁၀ ကြိမ်စီးနင်းခွင့်ဆိုတာကို ကြိုပြီးရေးထားမှာ ဖြစ်ပါတယ်။ ဘတ်စ်ကားပေါ်ရောက်ပြီး လက်မှတ်ပုံးမှာ ထိုးထည့်လိုက်တာနဲ့ စီးပြီးတဲ့အကြိမ်တိုင်းအတွက် အကြိမ်ရေလိုက်ပြီး ဂဏန်းကိုလျှော့လျှော့ပေးသွားမှာဖြစ်ပါတယ်။ ဒီ ကဒ်ရဲ့ လက်လီဈေးကတော့ **US $ 6.00** ဖြစ်ပြီး အသက် ၆၀ နဲ့ ၆၀ အထက်နိုင်ငံသားလူကြီးတွေရယ်၊ ကားတက်စီးလို့ လျှော့ဈေးခ **US $ .50** နဲ့ စီးခွင့်ရထားတဲ့ ကိုယ်အင်္ဂါမသန်စွမ်းသူတွေရယ် စီးနိုင်ဖို့ရည်ရွယ်ပြီး ထုတ်တာပါ။

**စီးတီးလင့်ခ်ရဲ့ ကားခလျှော့ဈေးရသက်သေခံကဒ်ပြားကိုင်ဆောင်ထားသူတွေဟာ သူတို့ကဒ်ပြားကို ဒရိုင်ဘာကိုပြသပြီးဖြစ်မှသာ လျှော့ဈေးနဲ့ကားစီးခွင့်တွေရနိုင်ကြမှာဖြစ်ပါတယ်** (စီးတီးလင့်ခ်အနေနဲ့ကတော့ ဒီလက်မှတ်မျိုး အနည်းဆုံး ၁၀ စောင်လောက် လက်ဝယ်ထားရောင်းတာမျိုး ဖြစ်စေချင်ပါတယ်။ တကယ်လို့ သင်တို့ရဲ့ လက်မှတ်အရောင်းပမာဏက ၁၀ စောင်အောက်ဆိုရင် စီးတီးလင့်ခ် ကို ဆက်သွယ်ပါ)

လူငယ် ၁၀ ကြိမ်စီးကဒ်ပြား ဒီကဒ်ပြားပေါ်မှာ ၁၀ ကြိမ်စီးနင်းခွင့်ဆိုတာကို ကြိုပြီးရေးထားမှာ ဖြစ်ပါတယ်။ ဘတ်စ်ကားပေါ်ရောက်ပြီး လက်မှတ်ပုံးမှာ ထိုးထည့်လိုက်တာနဲ့ စီးပြီးတဲ့အကြိမ်တိုင်းအတွက် အကြိမ်ရေလိုက်ပြီး ဂဏန်းကိုလျှော့လျှော့ပေးသွားမှာဖြစ်ပါတယ်။ ဒီ ကဒ်ကို လက်လီဈေး **US $ 6.00** သတ်မှတ်ထားပြီး ကားတက်စီးလို့ ကလေးခ **US $.60** ပုံမှန်ပေးရတဲ့ အသက် ၅ နှစ်ကနေ ၁၈ နှစ်ရွယ်ကလေးငယ်များအတွက် ရည်ရွယ်ပါတယ်။ ကျောင်းသားရဲ့ အသက်အမှန်ကို သိဖို့လိုအပ်လို့ ဒရိုင်ဘာအနေနဲ့ ကျောင်းကထုတ်ပေး တဲ့ကျောင်းသားကဒ်ကို ထုတ်ပြခိုင်းတာမျိုး ရှိနိုင်ပါတယ်။ (စီးတီးလင့်ခ်အနေနဲ့ကတော့ ဒီလက်မှတ်မျိုး အနည်းဆုံး ၁၀ စောင်လောက် လက်ဝယ်ထားရောင်းတာမျိုး ဖြစ်စေချင်ပါတယ်။ တကယ်လို့ သင်တို့ရဲ့ လက်မှတ်အရောင်းပမာဏက ၁၀ စောင်အောက်ဆိုရင် စီးတီးလင့်ခ်ကို ဆက်သွယ်ပါ)

လူငယ်များနွေရာသီအပျော်ခရီး လက်မှတ် ဒီလက်မှတ်ကတော့ နွေကျောင်းပိတ်ချိန် ၃ လအတွက် အကန့်အသတ်မရှိ သုံးနိုင်မယ့် ကဒ်ပါ။ ဒီကဒ်ရဲ့ လက်လီဈေးကတော့ **US $ 25.00** ဖြစ်ပြီး ကားတက်စီးလို့ ကလေးခ **US $.60** ပုံမှန်ပေးရတဲ့ အသက် ၅ နှစ်ကနေ ၁၈ နှစ်ရွယ်ကလေးငယ်များအတွက် ရည်ရွယ်ပါတယ်။ ကျောင်းသားရဲ့ အသက်အမှန်ကို သိဖို့လိုအပ်လို့ ဒရိုင်ဘာအနေနဲ့ ကျောင်းကထုတ်ပေး တဲ့ကျောင်းသားကဒ်ကို ထုတ်ပြခိုင်းတာမျိုး ရှိနိုင်ပါတယ်။ ဒီကဒ်ဟာ တနွေလုံး(အများဆုံး ၃ လ) သုံးလို့အဆင်ပြေပါမယ်။ (စီးတီးလင့်ခ်အနေနဲ့ကတော့ ဒီလက်မှတ်မျိုး အနည်းဆုံး ၁၀ စောင်လောက် လက်ဝယ်ထားရောင်းတာမျိုး ဖြစ်စေချင်ပါတယ်။ တကယ်လို့ သင်တို့ရဲ့ လက်မှတ်အရောင်းပမာဏက ၁၀ စောင်အောက်ဆိုရင် စီးတီးလင့်ခ်ကို ဆက်သွယ်ပါ)

ဘတ်စ်ကားစီးလက်မှတ်များ (**Tickets To Ride**) တကြိမ်စီး ပုံမှန်၊ လျှော့ဈေးနဲ့လူငယ်ခ လက်မှတ်တွေကိုတော့ စီးတီးလင့်ခ်ရုံးမှာ ဝယ်ယူ နိုင်ပါတယ်။ အရောင်းဆိုင်ခွဲတွေအများစုကတော့ တနေ့စာစီးခွင့်လက်မှတ်တို့၊ ၃၁ ရက်စာစီးခွင့်လက်မှတ်တို့နဲ့ ၁၀ ကြိမ်စီး လက်မှတ်တွေအပေါ်မှာ အဓိကထားပြီး ရောင်းဖို့ရွေးထားတာဖြစ်ပါတယ်။ ဘတ်စ်ကားစီးလက်မှတ်များ (**Tickets to Ride**) အကြောင်း ပို သိချင်သေးရင်တော့ ဖုန်းနံပတ် ၄၃၂-၄၉၇၇ ကို ဆက်ပြီး ဒီး ဘလက်ဘန်း (**Dee Blackburn**) ကိုမေးပါ။

စီးတီးလင့် (**ACCEESS**) လက်မှတ်များ စီးတီးလင့်ခ် (**ACCEESS**) ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ တကြိမ်စီးလက်မှတ်များကို စီးတီးလင့်ခ် ရုံးမှာဘဲရပါမယ်။ ဒီလက်မှတ်တွေကိုတော့ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာတွေမှာ ချို့ယွင်းနေလို့ စီးတီးလင့်ခ်ကသတ်မှတ်ထားတဲ့ ပုံမှန်ပြေးဆွဲနေတဲ့ ဘတ်စ်ကားလိုင်းတွေရှိရာလာပြီး စီးနိုင်စွမ်းမရှိသူတွေအတွက်သာ ဖြည့်ဆည်းပေးပါတယ်။ နောက်ပြီး အဆိုပါပုဂ္ဂိုလ်တွေဟာ စီးတီးလင့်ခ် (**ACCESS**) ဝန်ဆောင်မှုရဖို့အတွက် တရားဝင်လက်မှတ်ရှိသူတွေဖြစ်ရပါမယ်။ တကယ်လို့ သင်တို့ထံ လက်မှတ်ဝယ်သူတွေက ဒီ ဝန်ဆောင်မှုလုပ်ငန်းနဲ့ (**ACCESS**) အကြောင်းကို သိလိုသေးတယ်ဆိုရင် ကျေးဇူးပြုပြီး စီးတီးလင့်ခ် ဝယ်ယူသူဝန်ဆောင်မှုဌာန (**Citilink Customer Service**) ရဲ့ ဖုန်းနံပတ် ၄၃၂-၄၅၄၆ ကို ညွှန်းလိုက်ပါ။

အမှာစာပြန်ပို့ဖို့ ဆိုရင် တနေ့စာစီးခွင့်လက်မှတ်ဘဲဖြစ်ဖြစ်၊ ၃၁ ရက်စာစီးခွင့်လက်မှတ်ဘဲဖြစ်ဖြစ်၊ ၁၀ ကြိမ်စီးကဒ်ပြားဘဲဖြစ်ဖြစ် အားလုံးမှာ သက်တမ်းကုန်ရက်ရယ်လို့ ပြောမထားလေတော့ တကယ်လို့ သင့်တို့အနေနဲ့ အမှာစာကိုပြန်ပြင်ဖို့၊ ပြန်မှာဖို့လိုသေးသမျှကာလပတ်လုံး လက်မှတ်တွေကို ပြန်ပြင်ပြန်မှာတာ တရားဝင်လုပ်ခွင့်ရှိပါတယ်။ သင်တို့ဆီမှာ လက်မှတ်လက်ကျန် နည်းနေပြီဆိုရင်လည်း စီးတီးလင့်ခ်ကို

အသိပေးပါ။ **(Kroger နဲ့ Scotts)** စတိုးဆိုင်တွေက အမှာစာပို့ထားတဲ့ လက်မှတ်တွေအတွက် စီးတီးလင့်ခ်ကနေ ကရိုဂါ **(Kroger)** ကော်ပိုရိတ်ရုံးခန်းကို ဘီလ်ပို့ပေးပါ့မယ်။ လက်မှတ်ရောင်းရငွေတွေကို အဲဒီကော်ပိုရိတ်ရုံးခန်းကို ပို့ပေးရမှာဖြစ်ပါတယ်။ ပြည်တွင်း ဘီလ်များ လုပ်နည်းတွေနဲ့ပတ်သက်လို့ သိချင်တာတွေရှိရင် အဲဒီကော်ပိုရိတ်ရုံးခန်းက ဖုန်းနံပတ် (၃၁၇) ၅၇၉-၈၄၇၃ ဒေါ်ရိုသီ ဗိုက်စ် **(Dorothy Vise)** ကို ဆက်သွယ်ပါ။

လက်မှတ်လည်ရောင်းသူတွေကိုတော့ စီးတီးလင့်ခ်လက်မှတ်များဆိုင်ရာ အကျိုးတော်ဆောင် ဒီးဘလက်ဘန်း **(Dee Blackburn)** က စီစဉ်ပေးတဲ့အတိုင်း ဘီလ်များပို့ပေးသွားမှာဖြစ်ပါတယ်။ သင်တို့အနေဖြင့် ဒီး ဘလက်ဘန်းရဲ့မည်ကိုပြောပြပြီး ဖုန်းနံပတ် ၄၃၂-၄၇၉၉ ကို ဆက်သွယ်ပါ၊ ဒါမှမဟုတ်လည်း သူ့ရဲ့ အီးမေး လိပ်စာ ဖြစ်တဲ့ dab@fwcitilink.com ကို ဆက်သွယ်ပါ။

ရွေးချယ်စရာ လက်မှတ်အရောင်းဆိုင်ခွဲများ တကယ်လို့ သင့်အနေနဲ့ လက်မှတ်ဝယ်သူတွေရဲ့ တောင်းဆိုတာကို အပြည့်အဝ လုပ်ပေးဖို့ရာ မတတ်နိုင်ဘူးဆိုရင်တော့ တခြားလက်မှတ်အရောင်းဆိုင်ခွဲတွေကို ညွှန်းပေးပါ။ အဲဒါတွေကတော့ **Scotts Food Store, Kroger, City Utility's Office, Third World Store, Urban League, Centro Dinero, or Citilink office** တို့ဖြစ်ပါတယ်။ ခရီးသည်များအနေနဲ့ ချက်လက်မှတ်နဲ့ နေရပ်လိပ်စာကို တံဆိပ်ခေါင်းကပ်ပြီးသားစာအိပ်ထဲထည့်ပြီး **Dee Blackburn, Citilink, 801 Leesburg Road, Fort Wayne, IN 46808** လို့လိပ်စာတပ်ပြီး စာတိုက်ကနေရင် ပို့ပေးရင်လည်း လက်မှတ်ဝယ်လို့ရပါတယ်။

သင်တို့မှာ လက်မှတ်တွေနည်းနေလို့ အမှာစာပြန်ပို့ဖို့အတွက်ရယ် လမ်းကြောင်းပြမြေပုံနဲ့ အချိန်ပြဇယားတွေလိုတဲ့အခါမယ်၊ ဆက်သွယ်ဖို့ မမေ့ပါနဲ့။ ဒါမှသာ နောက်ရလာမယ့် ဝယ်ယူသူတွေကို စိတ်ကျေနပ်စေမှာဖြစ်ပါတယ်။

ဘဝက ခေါ်ဆောင်ရာနေရာတိုင်းမှာ သင်ရောက်နေမှာပါ